THE WORLD BANK
Working for a World Free of Poverty



# မစ္စတာ ခွီမာအင်န်သာရာ

**အဆင့်မြင့် စီးပွားရေး ပညာရှင်**
**ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် စီးပွားရေး စီမံအုပ်ချုပ်မှု ကွန်ယက်**

မာလာဂီနိုင်ငံသား ဖြစ်သူ မစ္စတာ ခွီမာအင်န်သာရာသည် မြန်မာနိုင်ငံဆိုင်ရာ အဆင့်မြင့် စီးပွားရေး ပညာရှင် (Senior Economist) တစ်ဦးဖြစ်ပါသည်။ ၎င်းသည် လက်ရှိ၌ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အခြေစိုက်လျက်ရှိပြီး ကမ္ဘာ့ဘဏ်၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် စီးပွားရေး စီမံအုပ်ချုပ်မှု ဌာန၏ အဖွဲ့ဝင် တစ်ဦးဖြစ်ပါသည်။

မစ္စတာ ခွီမာအင်န်သာရာသည် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကမ္ဘာ့ဘဏ်၏ ကိုယ်စားလှယ်တစ်ဦးအဖြစ် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ကာ အစိုးရ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြား ပါဝင်ဆောင်ရွက်သူများ (stakeholders) နှင့် နီးကပ်စွာ အတူတကွ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ အဓိက လုပ်ငန်းတာဝန်များမှာ စီးပွားရေး တိုးတက်မှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကို ကမ္ဘာ့ဘဏ်အနေနှင့် ပံ့ပိုး ကူညီသွားရန် ဖြစ်ပါသည်။ ထိုလုပ်ငန်းများတွင် လေ့လာဆန်းစစ်ခြင်း၊ မူဝါဒဆိုင်ရာ အကြံပေးအဖြစ် ဆောင်ရွက်ခြင်းစသည်တို့ အပြင် ကောင်းမွန်သည့် လုပ်ထုံးလုပ်နည်းများ၊ နည်းပညာဆိုင်ရာ ပံ့ပိုးမှုများနှင့် ငွေကြေးပံ့ပိုးမှု လုပ်ငန်းများ ဆိုင်ရာ အသိပညာ ဖြန့်ဝေပေးမှုများ ပါဝင်သည်။

မစ္စတာ ခွီမာအင်န်သာရာသည် ၂၀၀၅ ခုနှစ်မှ စတင်ကာ ကမ္ဘာ့ဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး မာလာဂီနိုင်ငံ (၂၀၀၅-၂၀၀၉) နှင့် နိုင်ဂျီးရီးယားနိုင်ငံ (၂၀၀၉-၂၀၁၂) တို့တွင် အလားတူ တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ မာလဂီနိုင်ငံတွင် တာဝန်ထမ်းဆောင် နေစဉ်အတွင်း နိုင်ငံ၏ သမိုင်းကြောင်း တစ်လျှောက် အကြီးမားဆုံး အကြွေးသက်သာခွင့် စီမံချက်ကို လည်းကောင်း၊ ဘတ်ဂျက် ရေးဆွဲရေး ပံ့ပိုးမှု အစီအစဉ် နှစ်ခုကို လည်းကောင်း ဦးဆောင်ခဲ့ပါသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် တာဝန်ယူနေစဉ် အာဖရိကတိုက်ရှိ ကမ္ဘာ့ဘဏ်၏ ဒုတိယမြောက် ဘတ်ဂျက်ဆိုင်ရာ ပံ့ပိုးမှု လုပ်ငန်း အစီအစဉ်၌ ဒေသဆိုင်ရာအဆင့်တွင် လည်းကောင်း၊ ပြည်သူ့အသုံးစရိတ် စီမံခန့်ခွဲမှုဆိုင်ရာ အကြီးစားထောက်ပံ့မှု လုပ်ငန်း အစီအစဉ်၌ လည်းကောင်း ဦးဆောင်ပါဝင်ခဲ့သည့်အပြင် ဖယ်ဒရယ်လ်အစိုးရ၏ ပြည်တွင်း အခွန်ဂန်ဆောင်မှုလုပ်ငန်းအတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှု လုပ်ငန်းအစီအစဉ်တွင်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်တွင် တာဝန်များကို စတင်မထမ်းဆောင်မီက မစ္စတာ ခွီမားအင်န်သာရာသည် မာလာဂီ တက္ကသိုလ်တွင် စီးပွားရေးဘာသာရပ်ဆိုင်ရာ ကထိကတစ်ဦးအဖြစ်လည်းကောင်း၊ အဖွဲ့အစည်းများစွာတွင် အတိုင်ပင်ခံ ပညာရှင် တစ်ဦးအဖြစ် လည်းကောင်း၊ အစိုးရဌာနများတွင် လည်းကောင်း တာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့ပါသည်။